

# ကိုချမ်း

# ကမ္ဘာနှစ်ခြမ်း

ပင်ကိုရေး
လုံးချင်း
ဝတ္ထုသစ်

# (၁)

အာကာ၏ လက်ချောင်းထိပ်များ ဂစ်တာကြိုးများ ပေါ်တွင် တရွရွ လှုပ်ရှားနေကြသည် ။ လူတစ်သိန်းကျော် ဆန့်သည့် ခန်းမကြီး တစ်ခုလုံးတွင် ဂစ်တာကြိုးများမှ ထွက်ပေါ်လာသည့် တေးသွားသံမှ လွဲ၍ အပ်ကျသံ မကြားရအောင်ပင် တိတ်ဆိတ်နေလေသည် ။

မည်သို့မျှ မဖြစ်နိုင်ဟု ထင်ရသည့် ကော့ဒ်များ လက်နှစ်ဖက် ပြိုင်တူ တီးခတ် ပြမှုများကြောင့် ပရိသတ်မှာ ရင်သပ်ရှုမော ဖြစ်နေရသည် ။ သို့သော် လူအားလုံး၏ စိတ်နှလုံးကို အဆွဲဆောင်နိုင်ဆုံးမှာ ထိုကဲ့သို့သော အစွမ်းပြ နည်းပညာများ မဟုတ်။ အားလုံး၏ ဝိညာဉ်များကို တစ်သားတည်း ဖြစ်သွားအောင် ပေါင်းစည်း လိုက်နိုင်စွမ်းသော သူ၏ ဂီတပင် ဖြစ်၏။

ဤသည် ကား ယနေ့ပွဲ၏ နောက်ဆုံးသီချင်း။ တီးဝိုင်းကြီး တစ်ခုလုံးကို အမှောင်ချပြီး အာကာ တစ်ယောက်တည်းကိုသာ ဆလိုက်မီးက ခပ်မှိန်မှိန် ထိုးပေးထားသည် ။ နောက်ဆုံး ဂစ်တာနုတ် တစ်လုံးကို ညာဘက် လက်သန်းနှင့် ခပ်ဖွဖွ တီးခတ်လိုက်ပြီး သူ၏ တေးသွားကို အဆုံးသတ်လိုက်၏။ နှစ်မိနစ် သုံးမိနစ်မျှ ကြာအောင် အားလုံး တိတ်ဆိတ်နေကြသည် ။ အာကာ မျက်လုံးများကို မှိတ်ထားသည် ။ နက်မှောင်ပျော့ပျောင်းသော သူ့ဆံပင်ရှည်များက ကျယ်ဝန်းသော သူ့နဖူးဖြောင့်စင်းသော သူ့နှာတံများ ပေါ်တွင် ဝဲကျနေကြ၏။ ရုတ်တရက် နော

က်ဆုံးတန်းနားမှ ပရိသတ် တစ်ယောက်က လက်ခုပ် စတီးလိုက်သည် ။ စက္ကန့်ပိုင်း အတွင်းမှာ ပင် ခန်းမကြီး တစ်ခုလုံးထဲရှိ ပရိသတ်များ အားလုံး လက်ခုပ်များ ဝိုင်းတီးလိုက်ကြသည် မှာ ကမ္ဘာကြီး တစ်ခုလုံး ပြိုကျသွားမတတ်ပင်။ ဆယ်မိနစ်မျှကြာအောင် လက်ခုပ်သံများက အဆုံးမသတ်နိုင်ဘဲ ရှိလေသည် ။

အာကာ စင်ပေါ်မှ ဆင်းပြီး စင်နောက်ဘက်ရှိ အဝတ်လဲခန်းဆီသို့ အသွားတွင် သူ၏ မန်နေဂျာ ဝိုင်းစတိန်းက သူ့အနားသို့ ချဉ်းကပ်ပြီး စကားလာပြောသည် ။

'အယောက်နှစ်ဆယ်တည်းပါ အာကာ။ စာချုပ်အရ ...'

အာကာ သူ့စကားကို ဆုံးအောင်ပင် နားမထောင်တော့ဘဲ ယဉ်ကျေးစွာ ပြုံးပြီး ခေါင်းညိတ် ပြလိုက်သည် ။ ထို့နောက် ခပ်လှမ်းလှမ်းတွင် စောင့်နေကြသော လူအုပ်စု ရှိရာဆီသို့ ခြေလှမ်း ခပ်မှန်မှန်ဖြင့် လျှောက်သွားလိုက်၏။ လူစုမှာ အရွယ်စုံ အလွှာစုံဖြစ်သည် ။ အာကာသယာဉ်မှူးပါသည် ။ နာမည်ကြီး မော်ဒယ်ဂဲပါသည် ။ ဆောက်လုပ်ရေး လုပ်သားပါသည် ။ ခုနစ်နှစ်အရွယ် ကောင်လေး တစ်ယောက်ပင် ပါသေး၏။ သူတို့ အားလုံး၏ လက်ထဲတွင် အာကာ၏ နောက်ဆုံးထုတ် အယ်ဘမ်တစ်ချပ်စီ ကိုင်ထားကြသည် ။

နှစ်လိုသော အပြုံးနှင့် အာကာ သူတို့ ကို ချဉ်းကပ်လိုက်၏။ မော်ဒယ်ဂဲ ကောင်မလေးက အာကာ့ကို ဆွဲဖက်ကာ သူ့ပါးကို ရွှတ်ခနဲ နမ်းလိုက်သည် ။ အာကာ၏ အပြုံး တစ်ဝက်မျှ လျော့ကျသွား၏။ စာချုပ်ထဲတွင် အနမ်းခံရမည်ဟု ပါသလားဟု ပင် သူတွေးမိလိုက်သေးသည် ။ သို့သော် ချက်ချင်းပင် ထိုလူစုနှင့် အာကာတို့ မှာ မိတ်ရင်းဆွေရင်းများ လိုဖြစ်သွားကြသည် ။ အာကာ သူတို့ အားလုံး၏ အယ်ဘမ်များ ပေါ်တွင်

လက်မှတ် ရေးထိုးပေးသည် ။ ဓာတ်ပုံများ တွဲရိုက်ကြသည် ။ ဆောက်လုပ်ရေး လုပ်သားကြီးမှ လွဲ၍ ကျန်ပရိသတ် အားလုံးမှာ အာကာထက်ပိုပြီး ကောင်းမွန်စွာ ဝတ်စားထားကြ၏။ အာကာမှာ မူ တီရှပ်အဖြူရောင်၊ ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်းကိုသာ ရိုးရှင်းစွာ ဝတ်ဆင်ထားသည် ။ အနားအတင်း ကပ်နေသော မော်ဒယ်ဂဲလက်မှ လွတ်မြောက်ရန် သူ အာကာသယာဉ်မှူး ဝတ်စုံဝတ်ထားသော ပုဂ္ဂိုလ်ကြီးနှင့် မိတ်ဆက်လိုက်သည် ။

'ဆရာကြီးက ဘယ်ကလာသလဲခင်ဗျ'

'ဒေးဗစ်ပါ အာကာ။ ကျွန်တော် အာကာရဲ့ ပရိသတ်ပါ။ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် အာကာ့ ပရိသတ်အစစ်က ကျွန်တော့်သမီးပါ။ သူ့နာမည်က စူဇန်။ လာမယ့် တနင်္ဂနွေဆို ဆယ်နှစ်ပြည့်မယ်။ သူ့ကြောင့် ကျွန်တော် လာခဲ့တာခင်ဗျ'

'တွေ့ရတာဝမ်းသာပါတယ် ဒေးဗစ်။ ဟုတ်လား။ ခင်ဗျားသမီးက ဘာလို့ မလာတာလဲဗျ'

'သူက အိမ်ထဲက အိမ်ပြင်ထွက်လို့ မရတဲ့ ရောဂါတစ်မျိုးရှိလို့ ပါ'

ပြောရင်းမှ ထိုလူကြီး မျက်ရည်များ ဝိုင်းလာသည် ။

'ကျွန်တော် သူ့အတွက် ဘာလုပ်ပေးရမလဲ'

(အို.. ဖပ်ခ်အစ်) အာကာ တစ်ခုခုကို ဆုံးဖြတ်လိုက်ပြီး စကားဆက်လိုက်သည် ။

'ဒေးဗစ် ခင်ဗျား ဘယ်မှာ နေတာလဲ'

'ရပ်ကွက် ၁၀။ အပိုင်း ၅။ အိမ်အမှတ် ၃၆ ပါ'

အာကာသယာဉ်မှူးကြီး အာကာကို အူကြောင်ကြောင် ပြန်ကြည့်နေသည် ။

‘ကျွန်တော် ခင်ဗျားသမီးရဲ့ မွေးနေ့ပွဲကို လာလို့ ရမလားခင်ဗျာ’

ဒေးဗစ် မယုံနိုင်လွန်းသဖြင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေခဲ့သည် ။

‘အာကာ ... ဆန်းဒေးမှာ ချန်နယ် ဆဲဗင်းနဲ့ အင်တာဗျူး ...’

‘ရက်ရွှေ့လိုက်ဗျာ ...’ မန်နေဂျာ ဝိုင်းစတိန်း၏ စကားကို အာကာ ဖြတ်ပြောလိုက်သည် ။

‘ကဲ ဘယ်လိုလဲ ဒေးဗစ်။ ကျွန်တော့်ကို မွေးနေ့ပွဲ ဖိတ်မှာ လား။ ဆူဇန်အတွက် သီချင်း နှစ်ပုဒ်သုံးပုဒ်လောက် တီးပေးချင်လို့ ပါ။ မွေးနေ့လက်ဆောင်ပေါ့’

အာကာသယာဉ်မှူးကြီးမှာ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလျက် အာကာ့ကိုယ်လုံးကို တင်းနေအောင် ဖက်ထား လိုက်လေသည် ။

***

(၂)

ဆူဇန်၏ မွေးနေ့ပွဲသို့ သတင်းထောက်များ ၊ အခြားပရိသတ်များ မည်သူမျှ မသိစေဘဲ အာကာ တက်ရောက်ခဲ့သည် ။ ကလေးမလေးမှာ မွေးရာပါ အော်တိုအင်မျူး ရောဂါတစ်မျိုးကြောင့် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်မရသည် မှာ ငါးနှစ်ကျော်ခဲ့ပြီ ဖြစ်သည် ။ သူ့အဖေ ဒေးဗစ်၏ အပြောအရ ဆူဇန်မှာ သူမ၏ အချိန်အတော်များများကို အာကာ၏ တေးသီချင်းများ တေးသွားများကို နားထောင်ရင်း ကုန်လွန်လေ့ရှိ၏။

‘ခင်ဗျားရဲ့ ဂီတက ဆူဇန့်ကို အသက်ဆက်ထား သလိုပါပဲဗျာ’

ဟု ပင် ဒေးဗစ်က ထုတ်ပြောခဲ့လေသည် ။

ပထမက သီချင်း သုံးပုဒ်မျှသာ တီးပေးရန် ရည်ရွယ်ထားခဲ့ သော်လည်း တကယ်တွင် မူ ဆယ်ပုဒ်ကျော်မျှပင် တီးဖြစ်သွားခဲ့သည် ။ ဆူဇန်မှာ သူမ၏ ဖိုင်ဘာအကြည် ဘောလုံးကြီးထဲတွင် ငုတ်တုတ်လေး ထိုင်ရင်း အာကာ့ တီးခတ်သီဆိုမှုများကို သူမ၏ မျက်လုံးဝိုင်းကြီးများ ဖြင့် မျက်တောင်မခတ်ဘဲ ကြည့်နေခဲ့လေသည် ။ ဧည့်သည် ကလေးများ မှာ မူ သီချင်းသုံးလေးပုဒ် အပြီးတွင် အပြင်ရှိ မြက်ခင်းပြင်သို့ထွက်ကာ သွားကစားနေကြတော့သည် ။ ကလေးအမေများမှာ သူတို့ ကလေးများ ကိုပင် လိုက်မကြည့်နိုင်ဘဲ အာကာ့ ဖျော်ဖြေမှုတွင် သာ နစ်မျောလျက်ရှိ ကြ၏။

သီချင်းများ တီးပြီးလျှင် အာကာ ဆူဇန်ရှေ့တွင် သွားထိုင်ပြီး အတော်ကြာအောင် စကား သွားပြောနေမိသည် ။ သူမမှာ ဆယ်နှစ်သမီးအရွယ်နှင့် မလိုက်အောင် ရင့်ကျက်လွန်းနေ၏။ အခြားကလေးများလို ပြင်ပကမ္ဘာတွင် ထွက်ပြီး မကစားနိုင်သဖြင့် သူမ၏ အချိန်အများ စုကို ဂီတနားထောင်ခြင်း၊ စာအုပ်များ ဖတ်ခြင်းဖြင့်သာ အချိန်ကုန်လွန်စေသောကြောင့် ဖြစ်ပေလိမ့်မည်။

ခဏကြာသော် သူမ ပင်ပန်း လာပုံရသဖြင့် မိခင်ဖြစ်သူက သူမကို အနားယူခိုင်း လိုက်ရသည် ။ ဆူဇန်ခမျာ စိတ်မပါတပါနှင့် အာကာကို နှုတ်ဆက်ပြီး သူမ၏ အိပ်ခန်းဆီသို့ ထွက်သွားရှာလေသည် ။ အချိန်မှာလည်း ညနေပင် စောင်းနေပြီ။ ဒေးဗစ် ရေခဲစိမ် ဘီယာနှစ်ဘူးယူ လာပြီး အာကာ့ကို တစ်ဘူး လှမ်းပေးကာ သူလည်း တစ်ဘူး ဖောက်သောက်သည် ။

ဧည့်ခန်းတွင် စကားပြောရင်း အာကာ မတ်တတ်ရပ်ကာ နံရံတွင် ကပ်ထားသော ဒေးဗစ်တို့ မိသားစု ဓာတ်ပုံများကို ဘာရယ်မဟုတ်ဘဲ လိုက်ကြည့်နေမိသည် ။

'အိုး ဒေးဗစ် ခင်ဗျား အနောက်ကမ္ဘာ ရောက်ဖူးတာပဲ'

ဒေးဗစ် အာကာဘေးသို့ လျှောက် လာပြီး အာကာ ကြည့်နေသော ဓာတ်ပုံကို လိုက်ကြည့်မိသည် ။ ဓာတ်ပုံထဲတွင် ဒေးဗစ်နှင့် အနောက်ကမ္ဘာမှ သမ္မတကြီး အာမက်တို့ လက်ဆွဲ နှုတ်ဆက်နေကြ၏။

'ဩော် ... ဟုတ်ပ့ါ။ မနှစ်တုန်းက သံတမန်ခရီးမှာ ကျွန်တော် သမ္မတကြီး အောင်ဒင်ကို လိုက်ပို့ပေးခဲ့ရတာ'

နောက်ဓာတ်ပုံ တစ်ပုံတွင် အနောက်ကမ္ဘာသမ္မတကြီး အာမက်၊ အရှေ့ကမ္ဘာသမ္မတကြီး အောင်ဒင်၊ အာကာသယာဉ်မှူး ဒေးဗစ်နှင့် မိန်း

မပျိုလေးတစ်ယောက်တို့ ယှဉ်တွဲရိုက်ထားကြသော ဓာတ်ပုံတစ်ပုံကို တွေ့လိုက်ရသည် ။

'သူက ဘယ်သူလဲ'

အာကာ့အသံ အနည်းငယ် တုန်ရီနေသည် ကို သူ့ကိုယ်သူ သတိပြုမိလိုက်သည် ။

'ဩော် … သူက အနောက်သမ္မတ နန်းတော်က အတွင်းရေးမှူးမလေးပဲ။ နာမည်တော့ ကျွန်တော်လည်း မမှတ်မိတော့ဘူး။ တော်တော်တော့ အရည်အချင်းရှိတဲ့ ကောင်မလေးဗျ။ ခင်ဗျားလို အေရှန် အနွယ်ဝင်ပဲ'

အာကာ့မျက်လုံးများ ထိုမိန်းမပျို၏ ပုံရိပ်မှ မခွာနိုင်ဘဲ ရှိလေသည် ။ သူ့ဘဝတွင် မိန်းမအတော်များများ နှင့် ကြုံတွေ့ဖူး၏။ တစ်ကမ္ဘာလုံးတွင် (အရှေ့ကမ္ဘာခြမ်းတွင် ) အလှဆုံး အချောဆုံး အအောင်မြင်ဆုံးသော မိန်းမများ ။ သို့သော် ယခုလို ခံစားမှုမျိုး တစ်ခါမှ မခံစားဖူးခဲ့။ မိန်းကလေးမှာ အထူးတလည် ချောမောလှပသည် မဟုတ်သော်လည်း သူ့မျက်စိထဲတွင် မူ ဘာမှ ပြောစရာ မရှိအောင် ပြည့်စုံနေတော့သည် ။ သူမဝတ်ထားသော အနက်ရောင် ဝတ်စုံသည် သူ့အတွက် အလှဆုံး ဖြစ်နေသည် ။ သူမ၏ အပြုံးသည် သူ့အတွက် နှစ်လိုဖွယ် အကောင်းဆုံး ဖြစ်နေသည် ။ သူမ၏ ဆံပင်များ သည် …

'အာကာ။ ခင်ဗျား ကျွန်တော့် သမီးလေးအတွက် လုပ်ပေးခဲ့တာ ကျွန်တော် ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ။ တကယ်ပါ။ ခင်ဗျား အတွက်ဆို …'

'ကျွန်တော် ဒီဓာတ်ပုံ ယူသွားလို့ ရမလား'

'ဟင် …'

ဒေးဗစ် အံ့သြသွားသည် ။ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဖြစ်နေသည် ။

'ကျွန်တော် … ဒီ …'

အာကာ့စကားများ ထစ်အနေ၏။ မသင့်လျော်မှန်း သိသော်လည်း သူတောင်းနေမိသည် ။

'ဒီဓာတ်ပုံ ကျွန်တော် လိုချင်တယ်'

'ဟုတ်.. ဟုတ်ကဲ့။ ရပါတယ်။ အာကာ လိုချင်ရင် ယူသွားပါ။ ကျွန်တော် စာအိတ်နဲ့ ထုပ်ပေး …'

ဒေးဗစ်၏ စကားမဆုံးမီ အာကာ ဓာတ်ပုံကို နံရံမှ ဖြုတ်ပြီး ယူလာခဲ့သည် ။ မည်သူ့ကိုမျှပင် နှုတ်မဆက်ဖြစ်ခဲ့။ သူ့ဂစ်တာပင် ဧည့်ခန်းဆိုဖာခုံပေါ်တွင် မေ့ကျန်ခဲ့သည် ။ ဒေးဗစ်၏ ဇနီးက အနောက်မှ နေပြီး ကျေးဇူးတင်ကြောင်း လှမ်းအော်ပြော၏။ အာကာ အသင့်စောင့်နေသော တံခါးဆယ်ပေါက် ကားအနက်ကြီးထဲ ဝင်ထိုင်လိုက်သည် ။ ကားဒရိုင်ဘာက သောက်လက်စ ဝီစကီခွက်ကို အလန့်တကြား ခြေထောက်အောက်ထဲ ထိုးထည့်လိုက်ရသည် ။

'ဆရာ အိမ်ကိုပဲ မောင်းရမလား'

အာကာ့ဆီမှ အဖြေမရ။ သူ ကားပြတင်းမှန်ကို ဖြတ်ပြီး အပြင်ကိုသာ ငေးကြည့်နေ၏။ သို့သော် သူ့မျက်လုံး အညိုရောင်များ တွင် အသိစိတ်ဟူ၍ မရှိတော့သလို။ ဒရိုင်ဘာလည်း ဆက်မမေးတော့ဘဲ ကားစက်နှိုးပြီး ကားကို မောင်းထွက် လိုက်လေသည် ။

***

# (၃)

‘ကျွန်တော် အနောက်ကမ္ဘာကို သွားချင်တယ်’

ဝိုင်းစတိန်း သက်ပြင်းချမိသည် ။ အာကာ့ မန်နေဂျာတစ်ယောက် လုပ်ရသည် မှာ မလွယ်ချေ။ အာကာကား အနုပညာရှင်တစ်ဦးပီပီ စိတ်ခံစားမှုနောက် လိုက်လွယ်လွန်းသူ ဖြစ်၏။ သူလုပ်ချင်ပြီဆို လုပ်လိုက်ရမှ ။ တစ်ခါတုန်းကလည်း သူ့တွင် ရှိသမျှ ပိုက်ဆံများ အားလုံးကို အလုပ်ကြမ်းသမားများ အတွက်ဆိုပြီး လှူလိုက်ဖူး၏။ ဝိုင်းစတိန်း ဘယ်လိုတားတားမရခဲ့။ သို့သော် တစ်လအတွင်းမှာ ပင် သူ့သီချင်းအယ်ဘမ်များ ၊ အင်တာဗျူးများ ၊ ရှိုးပွဲများမှ ညီမျှသော ငွေပမာဏကို မယုံနိုင်စရာ ပြန်ရခဲ့သည် ။ ယခုလည်း နောက်ထပ် ရောဂါတစ်မျိုး ထပြန်ပြီ။

‘အာကာ။ မင်းကို ငါ ဘာများ လုပ်မိလို့ လဲ။ မင်းငါ့ကို ဘာလို့ အမြဲ စိတ်ဆင်းရဲအောင် လုပ်ရသလဲ’

သူ့အမေးကို အာကာပြန်မဖြေ။ လက်ထဲရှိ ဂစ်တာကြိုးများကို လက်ချောင်းများ ဖြင့် အထက်အောက် ပွတ်သပ်နေသည် ။

‘အနောက်ကမ္ဘာကို ဘာသွားလုပ်မှာ လဲ’

ဤတစ်ကြိမ်လည်း ပြန်မဖြေ။ ဝိုင်းစတိန်း စိတ်တိုလာ၏။ ပွယောင်းသော သူ့နှာခေါင်းကြီး နီရဲလာသည် ။ နဖူးတွင် ချွေးများ ပြန်လာသည် ။

‘ငါမေးတာတွေ ဖြေဦးလေကွာ။ အဲဒါမှ မင်းလိုချင်တာ ငါလုပ်ပေး

လို့ ရမှာ ပေါ့'

'ခင်ဗျား မေးနေတာတွေက ကျွန်တော် ဖြစ်ချင်တာနဲ့ မှ မပတ်သက်ပဲ။ ခင်ဗျား ထုံးစံအတိုင်း ညည်းညူချင်လို့ ပြောတဲ့ စကားတွေပဲ။ ကျွန်တော် ဘာသွားလုပ်မလဲ ဘာလို့ သွားချင်သလဲ ဆိုတာ ခင်ဗျားနဲ့ မဆိုင်ဘူး။ ခင်ဗျားနဲ့ ဆိုင်တာက ခင်ဗျားက ကျွန်တော့် မန်နေဂျာ။ ကျွန်တော် ဖြစ်ချင်တာ လုပ်ပေးရမယ်။ အခု ကျွန်တော် အနောက်ကမ္ဘာကို သွားချင်တယ်။ သွားလို့ ရအောင် လုပ်ပေးပါ။ ဒါပဲ'

'မင်းအဲဒီလို လွယ်လွယ် ပြောလို့ မရဘူး အာကာ။ မင်းသွားရင် ငါတို့ရဲ့ စာချုပ်တွေ၊ ရှိုးပွဲတွေ၊ အင်တာဗျူးတွေ ဘယ်လို ဆက်လုပ်ရမလဲ။ အားလုံး ဒုက္ခရောက်ကုန်ကြမှာ ပေါ့'

'ဝိုင်းစတိန်း။ ခင်ဗျား ကျုပ်ပြောနေတာ ကြားလား။ ဒါမှ မဟုတ် ကျုပ်ပြောတာကို ကြားနိုင်မဲ့ နောက်မန်နေဂျာတစ်ယောက် ခေါ်လိုက်ရမလား'

ဝိုင်းစတိန်း ငြိမ်ကျသွား၏။ ရုတ်တရက် လေသံပြောင်းသွားသည် ။

'အဲဒီလို မဟုတ်ပါဘူးကွာ။ မင်းကလည်း စိတ်ကြီးပဲ။ ငါပြောချင်တာက အနောက်ကမ္ဘာကို သွားဖို့ ဆိုတာ လွယ်တာ မဟုတ်ဘူး ။ ပုံမှန်ဘယ်သူမှ လည်း မသွားကြဘူး။ အဲဒါကို ပြောချင်တာပါ'

'ဒါဆို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ကျုပ်ကို မကူညီနိုင်ဘူးပေါ့'

'အမှန်အတိုင်း ပြောရရင် အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ မကျွမ်းကျင်ဘူး အာကာ။ နေပါဦးကွာ ... နည်းနည်းတော့ စဉ်းစားပါဦး။ ငါတို့ စာချုပ်တွေ ...'

'ကျွန်တော့်ကို အာကာသယာဉ်မှူး ဒေးဗစ်နဲ့ တွေ့ဖို့ စီစဉ်ပေးပါ'

ဝိုင်းစတိန်း စိတ်ထဲမှ ဆဲရေးလိုက်မိသည် ။ သို့သော် ဘာမှ ပြန်မပြောရဲ။ အာကာ့ မန်နေဂျာ ဖြစ်ချင်သူတွေ ကမ္ဘာပေါ်တွင် ဘယ်လောက်များမှန်း သူအသိဆုံး ဖြစ်လေသည် ။

***

ထိုနေ့ ညနေတွင် ပင် အာကာ့ ရုံးခန်းထဲသို့ ဒေးဗစ် ရောက်လာသည် ။ သူ့လက်ထဲတွင် အာကာ့ ဂစ်တာ ပါလာ၏။

အာကာ ပြုံးရွှင်စွာ ဧည့်ခံသည် ။ စားပွဲပေါ်မှ ဆော့ပင် အမည်းတစ်ချောင်းကို ယူပြီး ဂစ်တာပေါ်တွင် စာရေးကာ လက်မှတ်ထိုး ပေးလိုက်သည် ။

ချစ်စရာ အကောင်းဆုံး မင်းသမီးလေး ဆူဇန်အတွက် ... မေတ္တာဖြင့် ... အခင်ဆုံးသူငယ်ချင်း ... အာကာ။

ဒေးဗစ်တစ်ယောက် ဝမ်းသာလွန်းသဖြင့် ကျေးဇူးတင်စကား အကြိမ်ကြိမ် ပြောရှာသည် ။

'ဒေးဗစ် ကျွန်တော် အနောက်ကမ္ဘာကို သွားချင်တယ်'

အာကာသယာဉ်မှူး ပါးစပ်အဟောင်းသား ဖြစ်သွားရသည် ။

'ဘာကြောင့်လဲတော့ မမေးပါနဲ့ တော့။ ကျွန်တော် သွားမှ ဖြစ်မယ်'

အာကာ့မျက်နှာပေါ်မှ ဆုံးဖြတ်ချက်ကို ဒေးဗစ် တွေ့သွားခဲ့သည် ။ အာကာ့မျက်နှာမှာ ဆုံးဖြတ်ချက် ချထားသည် ဆိုသည် ထက် အခြားရွေးစရာလမ်း မရှိတော့သော လူတစ်ယောက်နှင့် ပိုတူနေလေသည် ။

‘အာကာ။ အနောက်ကမ္ဘာသွားဖို့ ဆိုတာ တစ်ကမ္ဘာနဲ့ တစ်ကမ္ဘာ ကြား သဘောတူညီချက်ရမှ သွားရတာမျိုးဗျ။ ဒီအတိုင်း သွားလို့ မရဘူး ’

‘ကျွန်တော် အထူးဧည့်သည် အနေနဲ့ သွားလို့ မရဘူးလား။ အနောက်ကမ္ဘာကို ဖျော်ဖြေရေးဆိုပြီး’

ဒေးဗစ် သူ့လည်ပင်းရှိ နက်တိုင်ကို လက်နှင့် ဖြေလျှော့မိသည် ။

‘ဒီကမ္ဘာမှာ အနောက်ဘက်ခြမ်း အကြောင်း သိတဲ့ လူဆိုလို့ လက်တစ်ဆုပ်စာပဲရှိတယ် အာကာ။ ဥပဒေအရ တစ်ကမ္ဘာနဲ့ တစ်ကမ္ဘာ အကြောင်းတွေ မပြောရဘူး ဆိုတာ သတ်မှတ်ထားတယ်’

အမှန်ပြောရလျှင် ထိုအကြောင်းများကို အာကာသိပ်မသိချေ။ သူသိသည် မှာ သူ့ဂီတ တေးသီချင်းများ သာ ဖြစ်သည် ။ ယခုမှ ဒေးဗစ် ပြောသည် များကို အာရုံစိုက်ပြီး နားထောင်နေမိသည် ။

‘ဒါပေမဲ့ ခင်ဗျားကိုတော့ ကျွန်တော် ပြောပြပ့ါမယ်။ ကျွန်တော် သိသလောက်ပေ့ါ’

ဒေးဗစ် လေသံကို နှိမ့်ပြီး ဆက်ပြောသည် ။

‘အနောက်ဘက်မှာ ဂီတဆိုတာ မရှိဘူး အာကာ။ အဲ ... ဂီတ မရှိတာ မဟုတ်ဘူး ။ တီးလုံးတွေ ဘာတွေတော့ ရှိတယ်။ ကွန်ပျူတာတွေနဲ့ ဖန်တီးထားတာ။ ဒါပေမဲ့ ဘယ်သူမှ အလေးမထားကြဘူး။ သူတို့ အလေးထားကြတာ တစ်ခုပဲ ရှိတယ်။ အဲဒါ ပိုက်ဆံပဲ။ ဘယ်သူမှ ဂီတအတွက် အနုပညာအတွက် ပိုက်ဆံ မသုံးကြဘူး။ သူတို့ အာရုံစိုက်ကြတာက အသက်ရှည်ဖို့ ။ အောင်မြင်ဖို့ ။ ချမ်းသာဖို့ ။ ရုပ်ပိုင်းဆိုင်ရာ ကြွယ်ဝမှုတွေ ချည်းပဲ။ ကျွန်တော် ရောက်သွားတဲ့ ခဏ သိရသလောက်ကတော့ အဲဒါ

မျိုးပဲ’

အာကာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေမိသည် ။ ဒေးဗစ် ဆက်ပြော၏။

‘အဲဒီတော့ ခင်ဗျားကို သူတို့ အထူးဧည့်သည် အဖြစ် လက်ခံကြမှာ မဟုတ်ဘူး ။ လက်ခံဖို့ အကြောင်းမရှိလို့ ပဲ။ ဓာတ်ပုံထဲက မိန်းကလေးကြောင့် ဆိုတာ ကျွန်တော် သိပါတယ် အာကာ။ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ နည်းနည်းတော့ စဉ်းစားစေချင်ပါတယ်’

အာကာ စိတ်များ ရှုပ်ထွေးသွားသည် ။ သို့သော် ခေါင်းကို ခါရမ်းလိုက်၏။

‘ မဟုတ်ဘူး ဒေးဗစ်။ ကျွန်တော် သွားမှ ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ရောက်အောင်သာ ပို့ပေးပါ။ တခြား ဘာနည်းရှိသေးလဲ။ ကူညီပါဦးဗျာ’

အာကာသယာဉ်မှူး ခေါင်းကုတ်ကာ စဉ်းစားသည် ။ သူ့မျက်နှာ ရုတ်တရက် ဝင်းခနဲ ဖြစ်သွား၏။

‘အန္တရာယ်တော့ များ တယ်။ ဒီဘက်က မိသွားရင် ကျွန်တော် အလုပ်ပြုတ်မယ်။ ဟိုဘက်က မိသွားရင် လေဆာအမြောက်နဲ့ ပစ်ချတာ ခံရမယ်။ ဒါပေမဲ့ ဖြစ်နိုင်တဲ့ နည်းတစ်ခုတော့ ရှိတယ်’

အာကာ အားတက်သရော ဖြစ်သွားသည် ။

‘ပြောစမ်းပါဗျာ။ ဘယ်နည်းပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အသင့်ပါပဲ’

***